# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 21 , 2023 Volume 72, Number 15

၂၁.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၁၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၄၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၇၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်တွင်းစားသုံးမှုတိုးလာခြင်းကြောင့် ထောပတ်သီးဈေးနှုန်းများမြင့်တက်




ပြည်တွင်းဈေးကွက်တွင် ထောပတ်သီး စားသုံးမှုတိုးလာခြင်းကြောင့် ဝယ်လိုအား တိုးတက်လာပြီး ဈေးနှုန်းများလည်းမြင့်တက်လာကြောင်း မြန်မာနိုင်ငံ ထောပတ် စိုက်ပျိုးတင်ပို့ထုတ်လုပ်ရောင်းချသူများအသင်း MAVO မှသိရသည်။

ယခုနှစ် ထောပတ်သီးရာသီတွင် ပြည်တွင်းစားသုံးမှုသည် အရင်နှစ်ထက် ၂ ဆ မြင့်တက်ကာ ထောပတ်သီး တန်ချိန် ၃၀၀ နီးပါးအထိ ဖြန့်အားရှိလာနိုင်ကြောင်း အသင်းမှခန့်မှန်းထားသည်။ ပြည်တွင်းထောပတ်သီးဈေးကွက်တွင် Hass အမျိုးအစား ထောပတ်သီး တစ်ကီလိုကို ၄၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ ဈေးကောင်း ရရှိနေခြင်းဖြစ်ဟု သိရသည်။ "ဈေးကွက်အခြေအနေကတော့ ပြည်တွင်းမှာပေါက်ဈေးက တစ်ကီလိုကို ၄၀၀၀ ကနေ ၇၀၀၀ ကြားရှိပါတယ်၊ Hass မျိုးပေါ့၊ ပြည်တွင်းမှာတော့ ဝယ်လိုအားလည်းကောင်းနေပါတယ်။ ပြည်တွင်းမှာ မနှစ်က တန် ၁၀၀ရှိတယ်၊ ဒီနှစ်မှာတော့ ကြော်ငြာအားလည်းကောင်းလာတယ်၊ ပြည်တွင်းကလည်း အရည်အသွေးကို လက်ခံလာတယ်ဆိုတော့ တန် ၂၀၀ နဲ့ ၃၀၀ ကြားလို့မှန်းထားပါတယ်" ဟု MAVO မှ အတွင်းရေးမှူး ဦးကျော်စိုးမင်းမှပြောသည်။

ပြီးခဲ့သည့် ထောပတ်သီးရာသီအစတွင် ထောပတ်သီးကြမ်းခင်းဈေးသည် တစ်ကီလိုကို ၂၅၀၀ ကျပ်ဖြင့်သာ ဈေးတန်းစဖွင့်ခဲ့သဖြင့် ယခုနှစ်သည် ဈေးကောင်းရသည့်နှစ် ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်တွင် ထောပတ်သီးကို သစ်သီးဖျော်ရည်အဖြစ်သာ အဓိကစားသုံးကြပြီး အခြားသောထုတ်ကုန်အဖြစ် သုံးစွဲမှုနည်းပါးနေသေးကြောင်းသိရသည်။ ထောပတ်သီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထောပတ်သီးအနှစ်၊ ထောပတ်သီးအဆီ၊ အလှကုန်နှင့်ဆေးဝါးများထုတ်လုပ်ရန်ကုန်ကြမ်း စသည့်တန်ဖိုးမြင့်ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နိုင်ပါက ယခုထက်ပိုပြီး ဈေးကွက်တွင်ကျယ်လာမည်ဖြစ်ကြောင်းသိရသည်။ "တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်ချင်တာပေါ့၊ ထုတ်နိုင်ရင် ကျွန်တော်တို့တောင်သူတွေအတွက်လည်း ဈေးကွက်ခိုင်မာမှုပိုကောင်းတာပေါ့။ အဲလိုထုတ်ဖို့ နည်းပညာပိုင်း၊ ထိန်းသိမ်းမှု၊ ထုတ်လုပ်လိုက်တဲ့ပစ္စည်းဈေးကွက် အကုန်လိုအပ်ပါတယ်" ဟု ထောပတ်သီးစိုက်ပျိုးသည့်တောင်သူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် ထောပတ်သီးစိုက်ပျိုးမှုနှင့်ပတ်သက်ပြီး မျိုးရွေးချယ်သည့်အခါ မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော ထောပတ်သီးမျိုးသစ်များတင်သွင်းခြင်း၊ ဒေသကိုက်ညီမှုသုတေသနများဆောင်ရွက်ခြင်း၊ ခေတ်မီစိုက်ပျိုးနည်းပညာများကျင့်သုံးခြင်း၊ GAP နှင့် အော်ဂဲနစ်လက်မှတ်များရယူခြင်း၊ တန်ဖိုးမြင့် ထောပတ်သီးထုတ်ကုန်များ ထုတ်လုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကတိုက်တွန်း ပြောဆိုထားသည်။

ပြည်တွင်း၌ ထောပတ်သီး အထွက်နှုန်းကောင်းသော်လည်း အရည်အသွေးကောင်းမွန်သည့်အသီး နည်းပါးသောကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားမှမျိုးစပ်ဖြစ်သည့် Hass အမျိုးအစားထောပတ်သီးကိုတင်သွင်း၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်းသိရသည်။ ထောပတ်သီးများသည် အောက်တိုဘာလတွင် အသီးများ စတင်ခူးဆွတ်ရပြီး ထောပတ်ပင်များသည် စတင်စိုက်ပြီး ၃ နှစ်အကြာမှသာ အသီးသီးကာ နှစ်ရှည်သီးနှံပင်ဖြစ်သည်။

ထောပတ်သီးကို ထိုင်းနိုင်ငံ၊ အိန္ဒိယ၊ မလေးရှား၊ စင်္ကာပူနိုင်ငံတို့ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး Export ရာသီသည် ဒီဇင်ဘာလမှစတင်မည်ဖြစ်ကြောင်းသိရသည်။

ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်) တို့မှာ အများဆုံးစိုက်ပျိုးကြပြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် တောင်ကြီး၊ ဟိုပုံး၊ ရွာငံ၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့်မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်) တို့မှာလည်းကောင်း စိုက်ပျိုးကြကြောင်းသိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင်စိုက်ပျိုးသော ထောပတ်ခြံများအနေဖြင့် အရှုံးအမြတ်သည် လမ်းပန်းဆက်သွယ်ရေးအခြေအနေပေါ် မူတည်နေကြောင်း သိရသည်။

Source: AMIA

https://t.me/htwettoe

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်မှ ၁၇ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၂၉၃၉၈၈၂ ဒသမ ၆၃၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၁၅၇၇၅၅၁ ဒသမ ၀၀၁ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ နှမ်းနက်၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်း၊ ဖရဲသီး၊ သခွားမွေးနှင့် ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၇၁၄၉၂၃ ဒသမ ၆၃၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၂၂၄၉၅၉ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လူသုံးအခြားပစ္စည်းများ၊ လယ်ထွန်စက်များ၊ ချည်ထည်များ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ အခြားစက္ကူများ၊ သံပိုက်၊ ပလတ်စတစ်ပိုက်၊ ကားတာယာနှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်

နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၆၉၃၆ ဒသမ ၇၅၁ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၁၀၆၁၄ ဒသမ ၂၅၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀ ဒသမ ၃၃၉ ယွမ်ရှိပြီး၊ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၄ ဒသမ ၈၆ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ရန်ကုန်၌ စားအုန်းဆီအခြေခံရည်ညွှန်းဈေး ထပ်မံမြင့်တက်

ယခုရက်သတ္တပတ်အတွင်း ရန်ကုန်အထိုင် စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ထပ်မံမြင့်တက်လာကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာလ ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ ၄,၆၈၀ ကျပ်ဖြစ်ပြီး၊ နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ စားဆီတစ်ပိဿာ ၄,၉၉၀ ကျပ်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

မနေ့က ဆန်ဆိုင်မှာ ဆန်သွားဝယ်ရင်း ဆီတစ်ပိဿာလောက်လိုချင်လို့ပါလို့ပြောတာကို ရောင်းလို့မရဘူး တန်းစီဝယ်မှ ရမယ်တဲ့။ အဲဒါနဲ့ ရပ်ကွက်ထဲက ဆိုင်မှာ ဆီဈေးမေးတော့ တစ်ပိဿာ ၈၀၀၀ ကျော်တယ်။ တန်းစီဝယ်မှ ဈေးသက်သာမယ့် ပုံစံဖြစ်နေတယ်။ အမှန်က တန်းမစီနိုင်တဲ့သူတွေကိုလည်း လွယ်လွယ်ကူကူဝယ်လို့ရအောင်လုပ်ပေးသင့်တယ်ဟု အင်းစိန် မြို့နယ်မှအိမ်ရှင်မတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

စားသုံးဆီဈေးကွက်တွင် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီကထုတ်ပြန်ထားသည်။

လက်ရှိတွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တချို့၌ ဆီတန်းစီဝယ်ယူခြင်းမရှိပါက အလွယ်တကူဝယ်ယူ၍မရကြောင်း၊ ပြင်ပဈေးဆိုင်များတွင် ဝယ်ယူပါက ယခင်အတိုင်း ဈေးနှုန်းမြင့်မားစွာပေးဆောင်နေရကြောင်း သိရသည်။

**Source: https://t.me/sdtimedaily**

## အိန္ဒိယ ဆန်တင်ပို့မှု တားမြစ်ချက် ၂၀၂၄ ခုနှစ်အထိ ကြာမြင့်နိုင်

ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်တန်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်ပသို့ဆန်တင်ပို့မှုများ ကန့်သတ်ပိတ်ပင်ထားရာ၌ လာမည့်နှစ်အထိ ဆက်လက်ကြာမြင့်နိုင်သည်။ သို့ဖြစ်ရာ ကမ္ဘာ့ဆန်ဈေးနှုန်းများ အမြင့်မှာဆက်ရှိနေဦးမည်ဖြစ်သည်။

အိန္ဒိယတွင် ဆန်အလျှံပယ်ပိုလျှံခြင်းနှင့် ဈေးသက်သာခြင်းတို့ကြောင့် အိန္ဒိယသည် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နေခဲ့သည်။ ပြီးခဲ့သည့်နှစ်တွင် ကမ္ဘာ့ဈေးကွက်ထဲသို့တင်ပို့သည့် ဆန်တန်ချိန်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကို အိန္ဒိယ တင်ပို့ခဲ့သည်။ ဘီနင်နှင့်ဆီနီဂေါတို့ကဲ့သို့ အာဖရိကနိုင်ငံများသည် အိန္ဒိယဆန် ထိပ်တန်းဝယ်ယူသူများထဲတွင် ပါဝင်ပါသည်။

ဝန်ကြီးချုပ် နရင်ဒရာမိုဒီသည် လာမည့်နှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရရန်အတွက် ကြိုးပမ်းမည်ဖြစ်သည်။ သို့ဖြစ်ရာ ပြည်တွင်းဆန်ဈေးနှုန်းများ မမြင့်တက်အောင် ထိန်းထားနိုင်မှ ရွေးကောက်ပွဲတွင် အခြေအနေ ကောင်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ရာ အိန္ဒိယဆန်ပြည်ပတင်ပို့မှုကို ကန့်သတ်ပိတ်ပင်ခြင်းဖြင့် ပြည်တွင်းဆန်ဈေးမတက်အောင် စီမံသည်။ အိန္ဒိယစားသုံးသူများကို ကာကွယ်ပေးထားသည်။

“ပြည်တွင်းဆန်ဈေး တက်နေသရွေ့တော့ ကန့်သတ်ချက်တွေက ဆက်ရှိနေဦးမှာပဲ”ဟု Nomura Holdings Inc မှ အိန္ဒိယနှင့် အာရှဆိုင်ရာ ဂျပန်စီးပွားရေးပညာရှင်အကြီးအကဲ Sonal Varma က ပြောကြားသည်။ “ရွေးကောက်ပွဲ ပြီးသွားရင်တောင် ပြည်တွင်းဆန်ဈေးတွေ မတည်ငြိမ်ရင် ဒီအစီအမံတွေကို သက်တမ်းတိုးဖို့ အလားအလာရှိတယ်” ဟု သူက ပြောသည်။

အိန္ဒိယအစိုးရက ဆန်ကွဲပြည်ပတင်ပို့ခြင်းကို ပိတ်ပင်ထားသည်။ ဘာစမာတီမဟုတ်သော ဆန်ဖြူအမျိုးမျိုး ပြည်ပတင်ပို့ခြင်းကိုလည်း ပိတ်ပင်ထားသည်။ ဘာစမာတီဆန်တင်ပို့ခြင်းတွင် အနည်းဆုံးပို့ကုန်ဈေးနှုန်းကို ဈေးအမြင့်သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပေါင်းဆန်တင်ပို့ခြင်းအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဆန်ဈေး မြင့်တက်သည်။ ဆန်တင်သွင်းသည့် နိုင်ငံများတွင် ဈေးအမြင့်ဖြင့် မဝယ်နိုင်သည့်နိုင်ငံများသည် ဆန်အဝယ်ရပ်ထားခြင်း၊ လျှော့ဝယ်ခြင်းများပြုကြရသည်။ ဆန်တင်သွင်းသည့်နိုင်ငံများတွင် ပြည်တွင်းဆန်ဈေး မြင့်တက်သည်။

**Source: Bloomberg**

https://t.me/Guid4U

## သကြားဈေးတိုးမြင့်ပြီးနောက် သကြားဈေးကွက်ပုံမှန်အတိုင်းရှိစေရေး ထိုင်းနိုင်ငံ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနဆောင်ရွက်

သန့်စင်ပြီးသကြားဈေးကွက်အတွက် သကြားလုံလုံလောက်လောက်ထောက်ပံ့ပေးမည်ဟု ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အတည်ပြုခဲ့ပါကြောင်း၊ သကြားဈေးနှုန်းကို ၂ ဘတ်တိုးမြင့်သည့် အစိုးရအဖွဲ့ အစည်းအဝေးပြီးနောက် စားသုံးသူများက ပမာဏများစွာဝယ်ယူကြသဖြင့် ပထမ ၂ ရက်တွင် ရောင်းလိုအားတွင် တင်းကျပ်နိုင်ပါကြောင်း ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Wattanasak Sur-iam က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် နှစ်စဉ်သန့်စင်ပြီး သကြားတန်ချိန် ၈ သန်းထုတ်လုပ်ပြီး ပြည်တွင်း၌ တန်ချိန် ၂ ဒသမ ၅ သန်း စားသုံးကာ ကျန်ပမာဏကို ပြည်ပသို့တင်ပို့လျက်ရှိပါကြောင်း၊ ကြံနှင့်သကြားဘုတ်အဖွဲ့ရုံးအား သကြားသန့်စင်စက်ရုံများနှင့်ပူးပေါင်း၍ သကြားပေးပို့မှုကို ပြန်လည်သုံးသပ်ရန် ဝန်ကြီးဌာနကတောင်းဆိုခဲ့ကြောင်း၊ ပေးပို့မှုများသည် ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိသည့် အတည်ပြုချက်ကို ဝန်ကြီးဌာနက လက်ခံရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်းသကြားဈေးကွက်ကို စောင့်ကြည့်ရန် စောင့်ကြည့်အဖွဲ့ကို ဖွဲ့စည်းထားပါကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

စတိုးဆိုင်များက သန့်စင်ပြီးသကြားပြတ်လပ်မှုကိုကြုံတွေ့ရပါက သကြားစက်ရုံများသို့ ချိတ်ဆက်၍ပေးပို့ပေးရန် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဦးစီးဌာနသို့ဆက်သွယ်ရန်လိုအပ်ကြောင်း၊ စက်ရုံများ၊ စတိုးဆိုင်များနှင့် ဈေးဆိုင်များက သန့်စင်ပြီးသကြားသိုလှောင်ထားသည်ကို စစ်ဆေးတွေ့ရှိပါက ဥပဒေအရ ချက်ချင်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးနှုန်းများ အက်ဥပဒေ၊ အခန်း ၃၀ အရ သိုလှောင်ခြင်းအတွက် ဒဏ်ကြေးမှာ ထောင်ဒဏ် ၅ နှစ် သို့မဟုတ် ဘတ် ၁၄၀,၀၀၀ ထက်မပိုသော ဒဏ်ငွေ သို့မဟုတ် ထောင်ဒဏ်နှင့် ဒဏ်ငွေ ၂ ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း၊ အမြတ်ထုတ်ခြင်းနှင့် ဈေးနှုန်းတင်ရောင်းခြင်းကိုစစ်ဆေးတွေ့ရှိပါက ဥပဒေ အခန်း ၂၉ အရ အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၇ နှစ် သို့မဟုတ် ငွေဒဏ် ၁၄၀,၀၀၀ သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ် ၂ ရပ်လုံး ကျခံရမည်ဖြစ်ကြောင်း Mr. Wattanasak က ရှင်းလင်းပြောကြားခဲ့သည်။

သကြားဈေးနှုန်းမြင့်တက်ခြင်းနှင့်စပ်လျဉ်း၍ သန့်စင်ပြီးသကြားကို အစားအစာနှင့်အဖျော်ယမကာများတွင် ပါဝင်ပစ္စည်းအနေဖြင့် အသုံးပြုလျက်ရှိသော လုပ်ငန်းရှင်မည်သူတစ်ဦးတစ်ယောက်မျှ ဈေးနှုန်းညှိနှိုင်းပေးရန် အသနားခံစာတင်ပြလာခြင်းမရှိပါကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာမှုကြောင့် စားသုံးသူများ၏ဝယ်ယူမှုစွမ်းအား ထိခိုက်စေမည်ကိုစိုးရိမ်သဖြင့် လုပ်ငန်းရှင်များက ၎င်းတို့၏ကုန်ပစ္စည်းဈေးနှုန်းများကို ကန့်သတ်ရန်ကြိုးပမ်းနေသည်ဟု ဌာနအနေဖြင့်ယုံကြည်ပါကြောင်း၊ အစိုးရနှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့သည် လူနေမှုစရိတ်သက်သာစေရန် ဤကာလအတွင်း ဈေးနှုန်းတည်ငြိမ်ရေး လိုလားပါကြောင်း Mr. Wattanasak က ပြောကြားခဲ့သည်။

Source: www.bangkokpost. Gov **(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

## ဗီယက်နမ်နိုင်ငံမှ ငှက်သိုက်များကို တရုတ်နိုင်ငံသို့ ပထမအကြိမ်အဖြစ်တင်ပို့မည်

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) သည် ဗီယက်နမ်ကုမ္ပဏီတစ်ခုကို တရုတ်နိုင်ငံသို့ ငှက်သိုက်များတင်ပို့ရန် တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development -MARD) မှ မကြာသေးမီက ကြေညာခဲ့ကြောင်း သိရှိရပါသည်။

MARD ၏ တိရစ္ဆာန်ကျန်းမာရေးဌာန၏အဆိုအရ ဗီယက်နမ်ကုမ္ပဏီ (၄၅) ခုသည် တရုတ်နိုင်ငံသို့ ငှက်သိုက်တင်ပို့ရန် မှတ်ပုံတင်ထားပြီး တရုတ်နိုင်ငံ၏ စစ်ဆေးရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေးလိုအပ်ချက်များနှင့် ပြည့်စုံစေရန်အတွက် ဌာနမှ လမ်းညွှန်ချက်များပေးထားကြောင်း သိရှိရပါသည်။

အဆိုပါကုမ္ပဏီများအနက် ကုမ္ပဏီ (၉) ခုသည် ပို့ကုန်မှတ်ပုံတင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများအပြည့်အစုံဖြင့် GACC သို့တင်ပြခဲ့ရာ အဆိုပါလုပ်ငန်း (၉) ခုအနက်မှ (၅) ခုကို GACC က အွန်လိုင်းမှ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး Avanest Vietnam Nutrition JSC ကို ယခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံသို့ ငှက်သိုက်နှင့် အသင့်စားငှက်သိုက်ထုတ်ကုန်များ တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

GACC သည် အခြားဗီယက်နမ်ကုမ္ပဏီများ၏ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်နေပြီး ရလဒ်များကို ဆက်လက်ကြေညာပေးမည်ဖြစ်ကြောင်း၊ MARD နှင့် GACC တို့သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ငှက်သိုက်အတွက် ရောဂါစစ်ဆေးခြင်းနှင့် တိရစ္ဆာန်ပိုးမွှားကင်းရှင်းခြင်း လိုအပ်ချက်ဆိုင်ရာ protocol ကို လက်မှတ်ရေးထိုးခဲ့ပြီး နောက်တွင် MARD နှင့် ၎င်းအောက်ရှိ တိရစ္ဆာန်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အဆိုပါ protocol အကောင်အထည်ဖော်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်ဟု ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phung Duc Tien က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ငှက်သိုက်လုပ်ငန်းများ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သိသိသာသာမြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် မြို့ကြီး (၆၃) ခုအနက် (၄၂) ခုတွင် ငှက်သိုက်လုပ်ငန်းများ တည်ထောင်ခဲ့ကြောင်း MARD ၏ အချက်အလက်များအရ သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်တွင် ငှက်သိုက်ခြံ (၂၃,၆၆၅) ခြံရှိကြောင်းသိရှိရပြီး ၂၀၁၇ ခုနှစ် ကိန်း ဂဏန်းနှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း Kien Giang ပြည်နယ်၊ တောင်-အလယ်ပိုင်း Khanh Hoa ပြည်နယ်နှင့် Central Highlands ရှိ Lam Dong ခရိုင်တို့၌ ငှက်သိုက်ခြံများ သိသိသာသာ တိုးလာခဲ့ကြောင်း သိရှိရပါသည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ငှက်သိုက်ခြံများသည် တစ်နှစ်လျှင် ငှက်သိုက်စုစုပေါင်း မက်ထရစ်တန် (၂၀၀) ခန့်ထွက်ရှိကာ အမေရိကန်ဒေါ်လာသန်း (၂၀၀) ခန့် တန်ဖိုးရှိကြောင်း သိရှိရပါသည်။

**Source:** https://tuoitrenews.vn/news/business/20231111/vietnam-to-ship-1st-batch-of-birds-nests-to-china-next-week/76677.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

## STOCK EXCHANGE (21.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,424 (Shares) | 25,004,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,500 | 2,375 | 20,733,100 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | -50 | -1.69% | 2,850 | 2,900 | 2,850 | 532 | 1,516,450 | 38,929,150 | 112,895 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 327 | 523,100 | 29,664,613 | 47,463 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 5 | 12,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 672 | 1,340,400 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 6 | 29,400 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,650 | 507 | 850,100 | 23,804,946 | 40,468 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Nov. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.52 | -1.66 | -0.45% | 365.59 | 366.52 | 360.22 | 4,424 | 25,004,550 | 8 | 691,327 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Nov. 2023

| Trading Volume | Trading Value |
|---|---|
| 4,424 (Shares) | 25,004,550 (MMK) |

## Main Board

As of 1:00 pm, 21st Nov. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,424 (Shares) | 25,004,550 (MMK) |

| MYANPIX | 366.52 ▼ 1.66 |
|---|---|
| Total Volume (shares) | 4,424 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,327 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |